**LIFT မဟာဗျူဟာ**

**၂၀၁၄ခုနှစ် အောက်တိုဘာလ**

## အပိုင်း၁။ မိတ်ဆက်

## ၂၀၁၄ခုနှစ် မဟာဗျူဟာပြန်လည်သုံးသပ်ရန် နောက်ခံအခြေအနေ

၁။ **အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေသည်အလှူရှင်အများကထည့်ဝင်သောရန်ပုံငွေဖြစ်ပြီးဆင်းရဲနွမ်းပါးသောလူဦးရေကိုထက်ဝက်အထိလျှော့ချရန်ဟူသောရည်ရွယ်ချက်ဖြင့်၂၀ဝ၉ခုနှစ်တွင်မြန်မာနိုင်ငံ၌တည်ထောင်ခဲ့ပါသည်။**အလှူငွေနှင့်အရင်းအမြစ်များကိုစုပေါင်းမှသာစီမံချက်သည်အဆင်ပြေပြေနှင့်ထိထိရောက်ရောက်ရှိမည်ဟူသောယုံကြည်ချက်ဖြင့်ဆောင်ရွက်နေပါသည်။ယနေ့အထိအလှူရှင်၁၁ဦးထံမှရန်ပုံငွေများကိုရရှိနေပါသည်။[၁]ကုလသမဂ္ဂစီမံကိန်းများရုံး(UNOPS)ကရန်ပုံငွေမန်နေဂျာအဖြစ်ရန်ပုံငွေများကိုစီမံခန့်ခွဲခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ **ယခုလက်ရှိLIFT၏မဟာဗျူဟာမှာ၂၀၁၂ခုနှစ်ကရေးဆွဲခဲ့သည်ဖြစ်၍လျင်မြန်စွာပြောင်းလဲနေသောပတ်ဝန်းကျင်တွင်LIFT၏ဆောင်ရွက်မှုများသည်အထိရောက်ဆုံးဖြစ်စေရန်အတွက်နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင်ဆောင်ရွက်ရန်လိုအပ်နေပါသည်။**မူလက၅နှစ်သာဆောင်ရွက်ရန်တည်ထောင်ခဲ့ရာမှနှစ်ကြိမ်တိုင်တိုင်ထပ်မံတိုးချဲ့ခဲ့ပြီး၂၀၁၈ခုနှစ်နှစ်ကုန်ထိဆောင်ရွက်သွားရန်မျှော်လင့်နေပါသည်။ယုံကြည်ရသောလေ့လာချက်တို့အရLIFTသည်ကျေးလက်အိမ်ထောင်စုအများအပြားထံသို့ထိရောက်ပျံ့နှံ့ကြောင်း(ယနေ့ထိလူ၂.၅သန်းခန့်ကိုအကျိုးပြုခဲ့ပြီးဖြစ်သည်)၊ယင်း၏အထောက်အကူသည်အပြောင်းအလဲတစ်ရပ်ကိုဖြစ်စေခဲ့ကြောင်းသိရသည်။(လူ၁.၃သန်းကိုစားနပ်ရိက္ခာဖူလုံစေခဲ့သည်)

၃။ **မြန်မာနိုင်ငံသည်၂၀ဝ၉ခုနှစ်မှစ၍အလျင်အမြန်ပြောင်းလဲပြုပြင်ခဲ့ရာLIFT၏လုပ်ငန်းဆောင်ရွက်မှုနောက်ခံအခြေအနေသည်လည်းပြောင်းလဲခဲ့ရလေသည်။**ဥပမာအားဖြင့်၂၀၁၂/၂၀၁၃ခုနှစ်အတွင်းတွင်အရေးယူပိတ်ဆို့မှုများကိုဖြေလျှော့ပေးခဲ့ရာဖွံ့ဖြိုးမှုအကူအညီများသည်မြန်မာနိုင်ငံအတွင်းသို့တိုးမြှင့်ရောက်ရှိလာခဲ့ပါသည်။ဤသည်မှာလူသစ်များ၊အကြံဉာဏ်သစ်များ၊လုပ်ဖော်ကိုင်ဖက်အသစ်များရောက်ရှိလာခြင်းပင်ဖြစ်သည်။သို့ဖြစ်၍LIFTမှာလည်းအလှူရှင်အများအပြားနှင့်အလုပ်လုပ်လာရသောကြောင့်မည်သည့်နယ်ပယ်တွင်အထိရောက်ဆုံးဆောင်ရွက်နိုင်မည်ကိုဖော်ထုတ်ရန်အတွက်မြန်မာနိုင်ငံအစိုးရ၊အခြားပတ်သက်ဆက်နွယ်သူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ပို၍အရေးကြီးလာပါသည်။

၄။ **ကျေးလက်စီးပွားရေးအခြေအနေမှာလည်းပြောင်းလဲခဲ့သောကြောင့်ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်အခွင့်အလမ်းသစ်များပိုမိုပေါ် ပေါက်လာသည်။**LIFTကလုပ်ငန်းဆောင်ရွက်နေသည့်နေရာများတွင်ရော၊ဆောင်ရွက်နေသည့်နေရာများတွင်သာမကLIFTလုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးသည့်နေရာများတွင်ပါကျေးလက်ဒေသအသက်မွေးမှုများအလျင်အမြန်ပြောင်းလဲလာကြောင်းLIFT၏ကိုယ်ပိုင်လေ့လာမှုများကမှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။(LIFTကလုပ်ငန်းဆောင်ရွက်နေသောနေရာများတွင်မူပို၍သိသာစွာပြောင်းလဲလာကြောင်းလေ့လာမှုများကဖော်ပြ

---

[၁] ၂၀၁၄ခုနှစ်ဇွန်လအထိ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်နိုင်ငံတို့သည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၂သန်းကိုထည့်ဝင်ကြပြီးဖြစ်သည်။

နေသည်)ဥပမာအားဖြင့်အတိုးနှုန်းသက်သာသောကျေးလက်ဒေသချေးငွေရရှိမှုမှာ၂၀၁၁ခုနှစ်မှစ၍သိသာစွာ တိုးတက်လာပြီး ကျေးလက်ဒေသတွင် မိုဘိုင်းလ် တယ်လီဖုန်းပိုင်ဆိုင်မှုမှာလည်း ငါးဆတိုးတက်လာခဲ့သည်။

၅။ **ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာတဖြည်းဖြည်းပြောင်းလဲနေသဖြင့်စိုက်ပျိုးရေးကဏ္ဍတွင်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများမှာမှန်မှန်တိုးတက်လာမည်ဟုမျှော်လင့်ရသည်။**ထို့ကြောင့်အခွင့်အလမ်းရော အခက်အခဲများပါ ရှိလာလေသည်။ မူဝါဒများနှင့်ရင်းနှီးမြှုပ်နှံမှုများသည်ကျေးလက်နေဝင်ငွေနည်းနွမ်းပါးသူများကိုအကျိုးမမဲ့စေဘဲအကျိုးပြုစေရန်အတွက်LIFTသည်လည်းတက်ကြွစွာဆောင်ရွက်ရမည်ဖြစ်သည်။ထို့ပြင်စိုက်ပျိုးရေးမဟုတ်သောအခြားကဏ္ဍများတွင် ပိုမိုရင်းနှီးလာမြှုပ်နှံခြင်းကြောင့်ကျေးလက်မှမြို့ပြသို့ပြောင်းရွှေ့နေထိုင်မှုများမှာလည်းပိုမိုတိုးပွားလာရန်ရှိသည်။ LIFTအတွက်မှာမူဦးတည်အုပ်စုပို၍ကျယ်ပြန့်လာခြင်းပင်ဖြစ်ပြီး၊မြေယာအနည်းငယ်သာပိုင်ဆိုင်သည့်လယ်သမားများကိုသာမကအသက်မွေးမှုအခွင့်အလမ်းပိုကောင်းမွန်ရန်ပြောင်းရွှေ့လိုသူများကိုလည်းကူညီရန်ဖြစ်လာပါသည်။

၆။ **လူထုနှင့်သက်ဆိုင်သော မူဝါဒများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပိုမို လွှမ်းမိုးနိုင်စွမ်း ရှိလာသည်။** မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းလှုပ်ရှားမှုမှာ ကာလကြာရှည်ခဲ့ပြီဖြစ်သော်လည်း ယခုမှသာ လူမှုရေးလှုပ်ရှားသူများသည် အသက်မွေးမှုဆိုင်ရာတွင် ပါဝင်ဆောင်ရွက်ရန်၊ မူဝါဒနှင့်ရလဒ်များကိုပုံဖော်ရန် အခွင့် အရေး ပို၍ရလာခဲ့ကြသည်။ ဝင်ငွေနည်းနွမ်းပါးသူများအတွက် ဦးတည်သော ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒကောင်းများ ထွက်ပေါ်လာရန်နှင့်ပြည်သူ့ဘဏ္ဍာပိုမိုရရှိရန်မှာလုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့်ပြင်သတင်းစုံစွာရရှိထားသောလူထုနှင့် ပွင့်လင်းမြင်သာမှုရှိသောအုပ်ချုပ်မှုတို့ရှိရန်လိုအပ်ကြောင်းLIFTကအသိအမှတ်ပြုပါသည်။အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အကောင်အထည်ဖော်သူများ၊ သြဇာရှိသူများအဖြစ် LIFTက တိုးမြှင့်ထောက်ခံသွားမည်ဖြစ်ပါမည်။

၇။ **မြန်မာနိုင်ငံအစိုးရသည်လည်း ပြောင်းလဲနေသည်။** ၂၀၁၂ခုနှစ်မှစ၍ အစိုးရသည် ဝင်ငွေနည်းသူတို့အတွက် ဦးတည်သောမူဝါဒများ၊အစီအမံများကိုရေးဆွဲချမှတ်လာပြီးကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်းပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင်ဦးစားပေးထားပါသည်။ကျေးလကဒေသဖွံ့ဖြိုးရေးကိုအဓိကတာဝန်ယူဆောင်ရွက်မည့်ဝန်ကြီးဌာန တစ်ခုပေါ်ပေါက်ခဲ့ပါသည်။[၂]ထိုကြောင့်LIFTသည်လည်းအစိုးရနှင့်ပို၍ပူးပေါင်းဆောင်ရွက်လာနိုင်ပြီးစိုက်ပျိုးရေး ကဏ္ဍအပြင်ပို၍ တိုးချဲ့လုပ်ကိုင်လာနိုင်ခဲ့သည်။

၈။ **သို့သော် ကျေးလက်စီးပွားရေးနှင့်သက်ဆိုင်သော ကိန်းဂဏန်းအချက်အလက်များ နည်းပါးသဖြင့် ထိရောက်စွာစီမံနိုင်ရန် ခက်ခဲသည်။** ဆယ်စုနှစ်များစွာ သီးခြားနေခဲ့သဖြင့် စိတ်ချရသော စာရင်းအင်းအချက်အလက်များ အထူးသဖြင့်စိုက်ပျိုးရေး၊ကျေးလက်ဒေသစီးပွားရေးတို့နှင့်ပတ်သက်သောစာရင်းအင်း အချက်အလက်များရရှိနိုင်မှုနည်းပါးပါသည်။ထို့ကြောင့် အစိုးရသည် လည်း အရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေပေးနိုင်ရန် ခဲယဉ်းပါသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကလည်းမိမိတို့၏ဖွံ့ဖြိုးရေးစီမံကိန်းများကိုဆောင်ရွက်နေစဉ်၊သက်ဆိုင်ရာသုတများကို ရယူ၊ လေ့လာသင်ယူကြရန် လိုအပ်လာပါသည်။

၉။ **ဤသို့ပြောင်းလဲနေသောအခြေအနေကိုနောက်ခံပြုလျက်LIFTသည်၂၀၁၄-၁၈အတွက်မဟာဗျူဟာ အသစ်ကို တင်ပြအပ်ပါသည်။** ဤမဟာဗျူဟာသည် LIFT၏အမြင်၊ ဦးတည်ရာ၊ ရန်ပုံငွေနှင့်ပတ်သက်၍ ဆုံးဖြတ်ရာတွင်

[၂] မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန(ယခင်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)

အခြေခံရမည့်မှုများ၊လုပ်ဖော်ကိုင်ဖက်များနှင့်ဆက်ဆံရေး၊မြန်မာ့ကျေးလက်ဒေသမှဝင်ငွေနည်းနွမ်းပါးသူများ အတွက် မူဝါဒဆိုင်ရာ အသိပေးစည်းရုံးရေးတာဝန် စသည်တို့ကို ချိတ်ဆက် ပေးမည် ဖြစ်ပါသည်။

**ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို ခြုံငုံသုံးသပ်ချက်**

၁၀။ **မြန်မာနိုင်ငံတွင်ဆင်းရဲနွမ်းပါးမှုမှာမြင့်လျက်ရှိပြီးကျေးလက်ဒေသတွင်သာအများဆုံးဖြစ်သည်။**မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ၂၆%မှ၃၈%အတွင်းရှိနေပြီး၊[၃]နိုင်ငံ(၁၆၈)နိုင်ငံအနက်အဆင့်(၁၄၉)တွင်ရှိနေကြောင်း၂၀၁၂ခုနှစ် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအရသိရပါသည်။ဆင်းရဲမှုအစုစု၏၇၆%မှာကျေးလက်ဒေသတွင်ဖြစ်သည်။ဆင်းရဲမှုနှုန်း သည်ပြည်နယ်အလိုက်/တိုင်းဒေသကြီးအလိုက်သာမကမြို့နယ်အလိုက်မှာပင်ကွာခြားမှုမှာသိသာထင်ရှားလှသည် ဥပမာအားဖြင့်ရခိုင်ဒေသတွင်၇၈%ထိရှိပြီး၊ စစ်ကိုင်းဒေသတွင်၂၃%အထိရှိနေကြောင်း ထုတ်ပြန် ထားသည်။

၁၁။ **နိုင်ငံ့လုပ်အား၏ သုံးပုံနှစ်ပုံမှာ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်နေကြပြီး ပျမ်းမျှအထွက်နှုန်းမှာ ဒေသတွင်း ပျမ်းမျှအထွက်နှုန်းအောက်တွင် များစွာကျရောက်လျက်ရှိသည်။** ဂျီဒီပီ၏ ၄၀%မှာ စိုက်ပျိုးရေးမှ ဖြစ်သည်။ အခြားကဏ္ဍများနှင့်နိုင်းယှဉ်လျှင် ကျဆင်းနေပြီ (ဝန်ဆောင်မှုမှာ ယခုအခါ ၃၈%ရှိနေပြီ[၄]) ဖြစ်သော်လည်း၊ စိုက်ပျိုးရေးသည် နှစ်လတ်ကာလအတွက် အရေးပါနေဆဲပင်ဖြစ်သည်။ ဆန်စပါးသည် အဓိကစားကုန်ဖြစ်ပြီး အရေးပါသော ပို့ကုန်တစ်ခုလည်းဖြစ်ကာ၊ စိုက်ပျိုးမြေ၏၄၃%(၂၀၁၀/၁၁ ခုနှစ်တွင် မြေဟက်တာ၈သန်းကျော်)ကို အသုံးချနေသည်။ အခြားသောအရေးကြီးသီးနှံများမှာ ကြံ၊ မြေပဲ၊ ဂျုံ၊ ပြောင်း၊ နံစားပြောင်း၊ ဂုန်လျှော်၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ ရာဘာ၊ ထန်း၊ ဆေးရွက်ကြီး၊ ဟင်းခတ်အမွှေးအကြိုင်တို့ ဖြစ်ကြသည်။ သီးနှံအများစု၏ထွက်နှုန်းမှာဒေသတစ်ခုလုံးနှင့် ယှဉ်လိုက်ပါက နိမ့်သည်။ ဥပမာအားဖြင့် နံစားသီးနှံအထွက်နှုန်းမှာ အင်ဒိုနီးရှား နှင့် ဗီယက်နမ်နိုင်ငံ တို့၏ ထွက်နှုန်းအောက် လေးပုံတစ်ပုံကျော် နိမ့်ကျသည်။[၅]

၁၂။ **ဆင်းရဲနွမ်းပါးသူများမှာ ပိုင်ဆိုင်မှုအနည်းငယ်သာ ရှိကြသည်။ (မြေယာ၊ နည်းပညာ၊ ငွေရေးကြေးရေး)** ကျေးလက်နေအိမ်ထောင်စုများ၏ ၄၀%ကျော်မှာ လယ်မပိုင်ကြချေ။ သို့သော် တောင်တန်းဒေသတွင် ၂၀%နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်၇၀%အထိဒေသအလိုက်ကွာခြားနေကြသည်။[၆]နိုင်ငံတဝန်းလုံးတွင်ပင် လယ်မြေ လုပ်ပိုင်ခွင့်ရှိမှသာဝင်ငွေတိုးမြှင့်နိုင်သောကြောင့်၊လယ်ယာမဲ့အိမ်ထောင်စုများမှာဝင်ငွေအနိမ့်ဆုံးတို့တွင်ပါဝင် နေကြသည်။နွမ်းပါးသူများမှာလယ်ယာမြေမဲ့များဖြစ်ကြသည်ကများပြီးလယ်မြေရှိလျှင်ချောင်လည်ကြသည်က များသည်။လယ်ယာလုပ်နေရသည့်တိုင်လယ်ယာလုပ်ပိုင်ခွင့်မှာစိတ်မချရလျှင်လည်းကုန်ထုတ်တိုးရေး၌အဟန့်အ တားဖြစ်နိုင်ပေသည်။ထို့ပြင်ကျေးလက်ဒေသအများစုမှာသတင်းနှင့်အချက်အလက်ဆိုင်ရာနည်းပညာနှင့်အဆက် ပြတ်နေကြသည်။သို့သော် ဤအခြေအနေမှာ နှစ်များမကြာမီတွင် အလျင်အမြန် ပြောင်းလဲသွားမည် ဖြစ်သည်။

[၃] နိမ့်သောကိန်းဂဏန်းမှာ အိမ်ထောင်စုလူနေမှုအဆင့်အတန်းစစ်တမ်း(IHLCA 2)ထံမှရရှိပြီး၊မြင့်သောကိန်းဂဏန်းမှာ၊ယင်း အချက်အလက်ကို ကမ္ဘာ့ဘဏ်က သုံးသပ်ထားခြင်းဖြစ်

[၄] UNCTAD ၂၀၁၀, http://unctad.org/en/Pages/Statistics.aspx

[၅] ကမ္ဘာဘဏ်၊ကမ္ဘာဖွံ့ဖြိုးမှုအညွှန်းကိန်း၂၀၁၂

[၆] IHLCA (၂၀၁၀)မှအချက်အလက်များဖြစ်၊ ၄၀%လယ်မဲ့မြေမဲ့ဖြစ်မှုမှာ မှန်ကန်ကြောင်း LIFT၏၂၀၁၁စစ်တမ်းအရ တွေ့ရှိ၊ ၂၀၁၃တွင် ၅၀%ခန့်အထိတွေ့ရှိ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်၇၂%ထိတွေ့ရှိ

၁၃။ အမျိုးသမီးများ၏လယ်ယာမြေပိုင်ဆိုင်ခွင့်၊မြေယာထိန်းချုပ်ပိုင်ခွင့်နှင့်လုပ်ပိုင်ခွင့်၊စိုက်စရိတ်တို့ကို ရှုပ်ထွေးသောဖွဲ့စည်းမှုများယဉ်ကျေးမှုစံနှုန်းများကချုပ်ကိုင်ထားသည်။အမျိုးသမီးဦးစီးသောအိမ်ထောင်စု များသည်လယ်ယာမြေမဲ့ဖြစ်ကြခြင်းကြောင့်အမျိုးသားဦးစီးသောအိမ်ထောင်စုများအောက်နိမ့်ကျနေရသည်။[၇] လယ်ယာစိုက်ပျိုးလုပ်ငန်းကိုအမျိုးသားနှင့်တန်းတူအချိန်တူအလုပ်လုပ်ရသော်လည်းလုပ်ခကြေးငွေမှာအမြဲတန်း လျော့၍သာရကြသည်။အမျိုးသမီးများကိုယ်ဝန်ဆောင်သောအခါအစားအသောက်ကိုလည်းကန့်သတ်တတ်ကြ သဖြင့်အမယ်စုံလင်စွာမစားရသောကြောင့်ကိုယ်ဝန်ဆောင်အာဟာရချို့တဲ့မှုနှုန်းမြင့်မားစွာဖြစ်ပေါ်ကာ မွေးဖွားလာသည့် ကလေးငယ်များအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုကို ဖြစ်စေပါသည်။

၁၄။ **သက်သာသောကျေးလက်ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများမလုံလောက်ခြင်းသည် အထွက်နှုန်းနည်းပါးရ သောအကြောင်းရင်းတစ်ရပ်ဖြစ်သည်။**ကျေးလက်ချေးငွေလိုအပ်ချက်မှာအမေရိကန်ဒေါ်လာ(၃)ဘီလျံခန့်ပြီး ၄င်းအနက် (၂) ဘီလျံမှာ စိုက်ပျိုးရေးအတွက်ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ထိုလိုအပ်ချက်၏ ၂၀%ခန့်ကိုသာ အတိုးသက်သာစွာ ရရှိကြသည်။ LIFT၏ စစ်တမ်းကောက်ယူချက်အရ အရွယ်ရောက်သူများအနက် ၄.၈%ကသာ ဘဏ်စာရင်းဖွင့်ထားကြပြီး ၃.၂%ကသာ အသက်အာမခံထားရှိကြသည်။ ရာသီဥတုဆိုင်ရာဘေးအန္တရာယ်မှ အာမခံမှုဆိုသည်မှာလည်းမရှိသလောက်ပင်ဖြစ်နေသည်။သို့သော်အသေးစားချေးငွေဆိုသည်မှာလည်းအရာရာကို ကုစားနိုင်သောအလုံးစုံကိုဖြေရှင်းပေးနိုင်သည့်အဖြေတရပ်မဟုတ်ပေ။ဥပမာအားဖြင့်များစွာသောဂင်ငွေနည်း ပါးအိမ်ထောင်စုများသည်ငွေချေးယူရန်လွယ်ကူလာသဖြင့်အစားအသောက်ဝယ်ယူရန်ငွေချေးယူမည်ဆိုပါက အကြွေး တင်နှုန်းမြင့်မားလာမည်ဖြစ်ပါသည်။

၁၅။ **လယ်ယာစိုက်ပျိုးရေးမဟုတ်သောအခြားကျေးလက်စီးပွားရေးလုပ်ကိုင်ခွင့်များပေါ်ထွန်းလာခြင်း (တန်ဖိုးကွင်းဆက်၊ ဈေးကွက်တင်ခြင်း၊ ကျေးလက်ဒေသပို့ဆောင်ရေး၊ ကျေးလက်သွင်းအားစုမြှင့်တင်ခြင်းများ)နှင့် သတ္တုတွင်း၊ ဆောက်လုပ်ရေး၊ ဝန်ဆောင်မှုစသော အခြားကဏ္ဍများတွင် အခွင့်အလမ်းများ များပြားလာခြင်းကြောင့် လယ်သမားများနှင့် လယ်ယာလုပ်သားများသည် ကျေးလက်နှင့်မြို့ပြတို့ရှိ အခြားစီးပွားရေးများသို့ ရွှေ့ပြောင်းရန် စိတ်အားထက်သန်လျက်ရှိကြသည်။**ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သောကိန်းဂဏန်းအချက်အလက်များမှာရှားပါးပါး သည်။သို့သော်လက်တွေ့အချက်အလက်များအရကျေးလက်ဒေသမှရွှေ့ပြောင်းသွားသည့်နှုန်းမှာမြင့်တက်နေ ကြောင်းတွေ့ရသည်။ထိုင်းနိုင်ငံ၊တရုတ်နိုင်ငံတို့နှင့်ထိစပ်နေသောပြည်နယ်တို့တွင်နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းမများမှာ အများဆုံးဖြစ်သည်။(ပဋိပက္ခများကြောင့်လည်းလူထုသည်လုံခြုံမှုရရန်နယ်စပ်ဒေသများသို့ ပြောင်းရွှေ့ကြရသည်[၈]) ကျေးလက်မှကျေးလက်သို့၊ကျေးလက်မှမြို့ပြသို့ရာသီအလိုက်၊ယာယီ၊စသဖြင့်နိုင်ငံတွင်းတွင်လည်းရွှေ့ပြောင်းခြင်း သည်လည်းအရေးပါသောအသက်မွေးမှုနည်းလမ်းတစ်ခုဖြစ်လာသည်။လယ်ယာမဲ့ဖြစ်မှုနှင့် ဝင်ငွေနိမ့်ပါးမှုတို့အပြင် အခြားဒေသများရှိ အခွင့်အလမ်းများကြောင့် အခွင့်အရေးနည်းပါးသောဒေသမှလူများ ရွှေ့ပြောင်းသွားကြသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် အထူးသဖြင့်များပြားနေသည်။ စိုက်ပျိုးရေးမှ အခြားစီးပွား

[၇] LIFTအိမ်ထောင်စုစစ်တမ်း ၂၀၁၃

[၈] ထိုင်းနိုင်ငံသို့ပြောင်းရွှေ့မှုမှာ တစ်နိုင်ငံလုံး၏၃.၈%ရှိသည်။ အချို့ဒေသတို့တွင်၃၆%အထိရှိကြောင်းသိရသည်။ (မွန်၊ကရင်၊ တနင်္သာရီ၊ရှမ်း-အရှေ့)(ပြောင်းရွှေ့မှု၊အသက်မွေးဝမ်းကြောင်းမှု၊မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများIOM2014)

ရေးသို့ဖွဲ့စည်းမှုသဏ္ဍာန်ပြောင်းလဲမှုမျိုးတွင်ဤပုံစံမျိုးကိုတွေ့မြင်နေကျကိုဖြစ်သည်။လုပ်အားအပြောင်း အရွှေ့သည် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အရေးပါသည်။

၁၆။ **စားနပ်ရိက္ခာခေါင်းပါးမှု၊ အာဟာရချို့တဲ့မှုနှုန်းများ မြင့်တက်နေသည်။** ကလေးသူငယ်၃၅%ကျော်မှာ သေးလှီ နေကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုများသည် ဝင်ငွေ၏၇၀%ကို အစားအသောက်အတွက် သုံးစွဲနေကြရသည်။ ကျေးလက်အိမ်ထောင်စု သုံးပုံတစ်ပုံမှာ တစ်နှစ်တာအတွင်း တစ်ချိန်ချိန်တွင် စားစရာမရှိသောကြောင့် ချေးငှား နေကြရသည်။ ထို့ကြောင့် လောလောဆယ်တွင် အကျိုးရှိမည့် အသက်မွေးမှုအတွက် ရင်းနှီးနိုင်စွမ်းကို ကန့်သတ် ရာရောက်သည့်ပြင် နောင်စီးပွားရေး အခွင့်အလမ်းများကိုလည်း ထိခိုက်စေသည်။ သေးလှီခြင်းကြောင့် ပညာရေး ညံ့ဖျင်းကာ နောင်အခါ စီးပွားရှာနိုင်စွမ်းကိုပါ ကျဆင်းစေနိုင်ပါသည်။[၁၀]

၁၇။ **ရာသီဥတုအပြောင်းအလဲက အနာဂတ်ရိက္ခာဖူလုံရေးနှင့်တိုးတက်ရေးကို ခြိမ်းခြောက်နေသည်။** ရာသီဥတု ပြောင်းလဲမှုကြောင့် စိုက်ပျိုးထုတ်ကုန်လျော့ကျသည့်ဘေးသင့်မည့်အနေအထားမှာ တစ်ကမ္ဘာလုံးတွင် ဒုတိယ နေရာတွင်ရှိနေသည်။[၁၁] လူဦးရေသုံးပုံတစ်ပုံမှာ ရေကြီးမည့်နေရာများတွင် နေထိုင်နေကြပြီး၊ ၁၀%မှာ ပင်လယ်ရေ (၁)မီတာထက်ပို၍တက်သောကပ်ဘေးနှင့်ရင်ဆိုင်ရန်ရှိသည်။ အခြားနိုင်ငံများတွင် ဤထက်မြင့်သော ကိန်းဂဏန်း များရှိနိုင်သော်လည်း မြန်မာနိုင်ငံ၏ ရင်ဆိုင်နိုင်စွမ်းမှာ နည်းပါးလှသောကြောင့် ခံနိုင်ရည်မဲ့မှုတွင် သူ့အထက်တွင် ဆိုမာလီတစ်နိုင်ငံသာရှိတော့သည်။မြန်မာနိုင်ငံ၏တိုးတက်မှုကိုရာသီဥတုဘေးမှကာကွယ်ရန်မှာအဓိကဖြစ်သော် လည်းသဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးရန်၊ရေကြီးမှုကိုကာကွယ်ရန်အခြေခံစနစ်များပင်လိုအပ်လျက်ရှိ နေသေးသည်။ဥပမာအားဖြင့်၂၀၀၈ခုနှစ်တွင်ဆိုင်ကလုန်းမုန်တိုင်းနာဂစ်သည်အနည်းဆုံးလူ(၁၄၀၀၀၀)ကို သေစေခဲ့ပြီး၊ ထိုထက်မကသောလူတို့၏ အသက်မွေးမှုကိုလည်း ဖျက်ဆီးခဲ့သည်။ နိုင်ငံ၏ဂျီဒီပီကိုလည်း ငါးပုံတစ်ပုံ လျော့စေခဲ့သည်။အကြီးစားနှင့်အသေးစားအဆင့်စီးပွားရေးများတွင်ရုန်းပြန်နိုင်စွမ်း(မူလအနေအထားသို့ပြန်ရောက် နိုင်စွမ်း)ကို အားဖြည့်ပေးရန်မှာ မရှိမဖြစ်လိုအပ်သည်။

၁၈။ **ဆင်းရဲနွမ်းပါးရခြင်းနှင့် ရိက္ခာမဖူလုံရခြင်းတို့၏ အကြောင်းရင်းမှာလည်း တစ်နိုင်ငံလုံးတွင် ထွေပြားလျက် ရှိသည်။**အချို့အချက်အလက်များသည်အရေးကြီးသည်ဟုယူဆရသော်လည်းစွမ်းဆောင်နိုင်စွမ်းမရှိသော အုပ်ချုပ်မှုနှင့်မူဝါဒပတ်ဝန်းကျင်၊ထိရောက်မှုမရှိသောစိုက်ပျိုးရေးဈေးကွက်၊အာမခံချက်မရှိသောလယ်ယာ လုပ်ပိုင်ခွင့်၊ပတ်ဝန်းကျင်အခြေအနေယိုယွင်းခြင်း၊မိုးရွာသွန်းမှုမမှန်ကန်ခြင်း၊လက်နက်ကိုင်ပဋိပက္ခတို့သည်အချို့ ဒေသတို့တွင်အဓိကအကြောင်းရင်းများဖြစ်ကြသည်။LIFTသည်ဒေသအလိုက်သက်ဆိုင်သောအချက်အလက်များ ကို သေချာစွာ လေ့လာသုံးသပ်ပြီးမှ အစီအစဉ်များရေးဆွဲရေးကို ဆုံးဖြတ်မည်ဖြစ်သည်။

**ပြောင်းလဲနေသောနိုင်ငံရေးမြင်ကွင်း**

၁၉။ **နိုင်ငံရေးအခြေအနေမှာ ၂၀၀၉ခုနှစ်တွင် LIFTလုပ်ငန်းစတင်ချိန်နှင့်စာသော် အတော်အတန် ပြောင်းလဲ သွားပြီဖြစ်ရာအစိုးရနှင့်ထိတွေ့ဆက်ဆံရန်ဘောင်မှာလည်းပို၍ကျယ်လာပြီဖြစ်သည်။**၂၀၁၁ခုနှစ်မတ်လအစိုးရသစ်

---

[၁၀] ဝင်ငွေအလယ်အလတ်နှင့်ဝင်ငွေနည်းသော နိုင်ငံများရှိ မိခင်နှင့်ကလေးအဟာရမပြည့်ဝခြင်းနှင့် ကိုယ်အလေးချိန်ပိုခြင်း၊ RBlack et al၂၀၁၃

[၁၁] ADBရာသီဥတုအပြောင်းလဲနှင့်လူအပြောင်းအရွှေ့(အာရှပစိဖိတ်ဒေသ)၂၀၁၂ အစိုးရအချင်းချင်းရာသီဥတုပြောင်းလဲမှုအဖွဲ့ (IPCC)2013၊ကမ္ဘာ့ရာသီဥတုဘေးရန်အညွှန်း ၂၀၁၃

တက်လာသည့်ချိန်မှစ၍ မြန်မာနိုင်ငံသည် ထူးခြားသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်ရပ်ကိုစတင်ခဲ့သည်။ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်(FESR)တွင်ပါဝင်သောကျယ်ပြန့်သည့်ပြုပြင်ပြောင်းလဲမှု အစီအစဉ်တစ်ခုကို ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဆောင်ရွက်ရန်စတင်ခဲ့ပါသည်။ ဤမူဘောင်ကို အခြေခံကာ မြန်မာ့ကျေးလက်ဒေသရှိ နွမ်းပါးသူ (၂သန်း) တို့ကို ထောက်ပံ့ရန် ကျေးလကဒေသဖွံ့ဖြိုးမှုအစီအစဉ်ကို သမ္မတက တွန်းအားပေးခဲ့သည်။၂၀၁၄ခုနှစ်ဇွန်လတွင်ပြုပြင်ပြောင်းလဲရေးတတိယအဆင့်အရှိန်အဟုန်မြှင့်မှုအဖြစ် သမ္မတက ကြေညာခဲ့ပြီးကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်ဦးစားပေးခြင်းကိုလည်း ထပ်မံ အတည်ပြုခဲ့သည်။

၂၀။ **ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်သီးခြားဝန်ကြီးဌာနသစ်မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှုမူဘောင်ချမှတ်ခြင်းတို့သည်ကျေးလက်ဒေသဆင်းရဲ နွမ်းပါးမှုလျော့ပါးရေးအတွက်ပံ့ဖော်ဆောင်ရွက်ပေးခြင်းဖြစ်သည်။**ယင်းမူဘောင်သည်ကျေးလက်ဒေသဖွံ့ဖြိုးရေးတွ င်အောက်ဖော်ပြပါအကျိုးကျေးဇူးများကိုရရှိရန်ရည်ရွယ်လျက်အထောက်အပံ့များကိုပံ့ပိုးပေးမည်ဖြစ်သည်- (၁)အဖွဲ့အစည်းအဆင့်တွင်ဥပဒေပြုခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ ကောင်းမွန်သောအုပ်ချုပ်မှုတို့ကို ဆောင်ရွက်ပေးခြင်းဖြင့်ခိုင်မာသည့်လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာခြင်း၊(၂)ပိုမိုကောင်းမွန်သောမြေယာဆိုင်ရာ မူဝါဒဘောင်နှင့်ပွင့်လင်းမြင်သာသောလုပ်ငန်းဆောင်ရွက်မှုတို့ဖြစ်ပေါ်လာခြင်း၊(၃)ကျေးလက်ဒေသတွင်ပုဂ္ဂလိက ပိုင်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်စွမ်းရှိသောပတ်ဝန်းကျင်ဖြစ်လာခြင်း၊ (၄)သတင်းအချက်အလက်၊ငွေကြေး၊စက်မှုလယ်ယာ၊နည်းပညာ၊သွင်းအားစုစသည်တို့ကိုပိုမိုလက်လှမ်းမီရရှိလာ သောကြောင့်လုပ်ကွက်ငယ်လယ်ယာများအတွက်နှုန်းကောင်းလာခြင်း၊(၅)ရာသီဥတုဒဏ်ကိုရုန်းပြန်နိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊မကုန်မခန်းနိုင်သောစွမ်းအင်ကိုတည်ဆောက်မှုတို့ကြောင့်ရေရှည်တည်တံ့မှုရှိလာခြင်း၊ (၆)လေ့ကျင့်ပညာပေးခြင်း၊ခိုင်မာသောရပ်ရွာအခြေပြုအဖွဲ့အစည်းကိုဖွဲ့စည်းပေးခြင်းတို့ကြောင့်လူထုမှာလုပ်ကိုင် နိုင်စွမ်းပိုမိုရှိလာခြင်း၊(၇)အမျိုးသမီးနှင့်ကလေးများအားဦးစားပေးသောအာဟာရနှင့်ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကြောင့် ကျေးလက်နေလူထု ကျန်းမာ၍ အာဟာရပြည့်ဝလာခြင်း။

၂၁။ **ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်အတွက်အမျိုးသားအဆင့်စိုက်ပျိုးရေးလုပ်ငန်းစီမံချက်ဖြင့် မဟာဗျူဟာမူဘောင်ကိုအကောင်အထည်ဖော်မည်။**ဤလုပ်ငန်းစီမံချက်၏ရည်မှန်းချက်မှာမျိုးစေ့အမျိုးမျိုးနှင့် ခေတ်မီနည်းပညာကိုသုံးစွဲခြင်း၊ စက်မှုလယ်ယာအသွင်ပြောင်းခြင်း၊ ဆည်မြောင်းစနစ်ကိုပြုပြင်ခြင်း၊ လယ်ယာမြေ အသစ်များကိုဖော်ထုတ်ခြင်း၊သီးနှံအထွက်တိုးအောင်ဆောင်ရွက်ခြင်းတို့ဖြင့်ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင်မြန်မာနိုင်ငံအစိုးရသည်နယ်ပယ်ရစ်ရပ်နှင့်သက်ဆိုင်သော(ဦးစားပေးစီမံချက်၃၂ခုပါဝင်သော) အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုသဟဇာတဖြစ်ရေးလုပ်ငန်းအစီအစဉ်ကိုထုတ်ပြန်ခဲ့သည်။ယင်းကိုမူဘောင် တစ်ခုအဖြစ်အသုံးပြုကာမည့်သည့်ရုန်းပြန်နိုင်စွမ်းကိုအာရုံစိုက်ရမည်ဟုLIFTက ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

၂၂။ **မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးဆိုင်ရာ အာဟာရပြည့်ဝရေးလှုပ်ရှားမှု(SUN)သို့ ဝင်ခဲ့ခြင်းကြောင့် အာဟာရ မပြည့်ဝမှုတိုက်ဖျက်ရေး (အထူးသဖြင့်သေးလှီခြင်း)အတွက် ခိုင်မာသောမူဘောင်တစ်ရပ်ကို မျှော်လင့်ရပေသည်။** ၂၀၁၃ခုနှစ်ဇွန်လအတွင်းတွင် မြန်မာနိုင်ငံအစိုးရသည် ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ပြုစုခဲ့သည်။

၂၃။ **မြေယာအနည်းငယ်သာပိုင်ဆိုင်ထားသည့်လယ်သမားများလယ်ယာပိုင်ဆိုင်ခွင့်ကိုအာမခံမည့် အမျိုးသားအဆင့်မြေအသုံးချမှုမူဝါဒတစ်ရပ်ကိုရေးဆွဲနေသည်**။ဤမူကြမ်းကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြုစုနေသည်။ ယင်းဝန်ကြီးဌာနသည် သမ္မတကြီးက ဖွဲ့စည်းထားသော ဝန်ကြီး(၁၁)ဦး ပါဝင်သည့် မြေယာအသုံးချမှု စီစစ်ရေးကော်မတီကို ဦးဆောင်နေသည်။ လယ်ယာမြေလုပ်ပိုင်ခွင့် အာမခံချက်မရှိခြင်း၊မြေယာအနည်းငယ်သာပိုင်ဆိုင်ထားသည့်လယ်သမားများပိုင်ဆိုင်သည့်လယ်ယာမြေများ ကိုသိမ်းယူခြင်းတို့ကိုကိုင်တွယ်ခြင်းမှာထုတ်ကုန်တိုးတက်မှုနှင့်ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုတို့အတွက်အရေးကြီး ဆုံးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ချဲ့ထွင်ခြင်းမပြုမီ မိမိတို့၏လယ်ယာလုပ်ပိုင်ခွင့်မှာ စိတ်ချရခြင်းရှိမရှိကို လူထုက သိရှိနိုင်ရန် လိုအပ်ပါသည်။

## အပိုင်း၂။LIFT၏မဟာဗျူဟာ

### အနာဂတ်မြင်ကွင်း၊ ပန်းတိုင်၊ ရည်မှန်းချက်

၂၄။ LIFT၏အနာဂတ်မြင်ကွင်းမှာတီထွင်ဆန်းသစ်ခြင်းနှင့်သင်ယူခြင်းတို့အတူတကွသြဇာရှိသောအာဘော် တစ်ခုဖြစ်ရန်နှင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေး၊[၁၂]စားနပ်ရိက္ခာဖူလုံရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ များကိုဆွေးနွေးနိုင်မည့်နေရာတစ်ခုဖြည့်ဆည်းပေးရန်ဖြစ်သည်။LIFT၏**ပန်းတိုင်**မှာမြန်မာနိုင်ငံရှိဆင်းရဲနွမ်းပါးသူဦး ရေကိုရေရှည်လျော့ချရာတွင်ကူညီရန်[၁၃]ဖြစ်သည်။LIFT၏ရည်မှန်းချက်ဝင်ငွေတိုးတက်မှု၊စားနပ်ရိက္ခာရရှိမှု၊အကျိုး ရှိအောင်သုံးစွဲမှု၊ စားနပ်ရိက္ခာရရှိမှုတည်ငြိမ်ရေး စသည်တို့တွင် တိုးတက်အောင် ဦးတည်ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိသူဆင်းရဲများ၏အသက်မွေးဝမ်းကျောင်းမှုကြံ့ကြံ့ခိုင်နိုင်စွမ်းနှင့်အာဟာရပြည့်ဝမှုတိုးတက်လာရေးကို ဆောင်ရွက်ရန်ဖြစ်သည်။[၁၄]

### အကျိုးရလဒ်များ

၂၅။ အောက်ပါအကျိုးရလဒ်များဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်းဖြင့်LIFTသည်ယင်း၏တာဝန်ကို ကျေပွန်စေပါမည်-

(၁) ကျေးလက်နေအိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

(၂) ဆင်းရဲသောကျေးလက်အိမ်ထောင်စုများတုန်လှုပ်ချောက်ချားမှုများ၊စိတ်ဖိစီးမှုများ၊ အကျိုးဖြစ်ထွန်း ဖွယ်မရှိသောဦးတည်မှုများနှင့်ရင်ဆိုင်ရပါကနဂိုအနေအထားသို့ပြန်ရောက်နိုင်စွမ်းရှိခြင်း

(၃) အမျိုးသမီး၊ အမျိုးသား၊ ကလေးများ၏ အာဟာရတိုးတက်ကောင်းမွန်ခြင်း

(၄) ဆင်းရဲမှုအလားအလာများထည့်သွင်းစဉ်းစားထားသည့်ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးသော မူဝါဒများနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှု ထိရောက်ကောင်းမွန်ခြင်း

---

[၁၂] စိုက်ပျိုးရေးဆိုရာတွင် သီးနှံ၊သားငါး၊သစ်တော ကဏ္ဍအားလုံးပါဝင်သည်။

[၁၃] ၂၀၁၅ခုနှစ်နောက်ပိုင်းထောင်စုနှစ်ရည်မှန်းချက်အစီအစဉ်မှကျန်ရှိနေသေးသောသူများနှင့် ဆက်စပ်ကာ ယင်း၏အလုပ် မူဘောင်ကိုLIFTကစုရုံးသွားမည်ဖြစ်သည်။

[၁၄] မြန်မာနိုင်ငံအစိုးရကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာဘောင်နှင့် တစ်သားတည်းရှိနေသည်ကိုသတိပြုပါ။

**လက်ငင်းအကျိုးများ**

၂၆။ LIFTသည်အောက်ပါလက်ငင်းအကျိုးများကိုဆောင်ကြဉ်းပေးပါမည်-

(၁) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ၏ထုတ်လုပ်မှုတိုးတက်ကာ ရေရှည်တည်တံ့ခြင်း။

(၂) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များအတွက်ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေတိုးတက်လာခြင်း။

(၃) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များနှင့်လယ်ယာမြေမဲ့များအတွက် လယ်ယာနှင့် မသက်ဆိုင်သောအလုပ်အကိုင်များတိုးတက်လာခြင်း။

(၄) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များနှင့်လယ်ယာမြေမဲ့များသည် သက်သာသော ငွေရေးကြေးရေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း။

(၅) အမျိုးသမီး၊ အမျိုးသား၊ ကလေးများ၏ပုံမှန်အစားအစာတိုးတက်ကောင်းမွန်ခြင်း။

(၆) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များနှင့်လယ်ယာမြေမဲ့များအတွက်သဘာဝ သယံဇာတများ လက်လှမ်းမီရရှိရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးတို့အတွက် အာမခံချက်ရှိခြင်း။

(၇) အသက်မွေးမှုနှင့်စားနပ်ရိက္ခာဖူလုံစေရေးတွင်ထောက်ပံ့ကူညီနိုင်ရန်အတွက်ဒေသခံတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်အထောက်အကူပေးခြင်း။

(၈) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ၊လယ်ယာမြေမဲ့များနှင့်ပတ်သက်သော မူဝါဒနှင့်သက်ဆိုင်သည့် အထောက်အထားများကို ပြုစုခြင်း။

## LIFT၏ရလဒ်မူဘောင်

| | |
|---|---|
| ပန်းတိုင် | မြန်မာနိုင်ငံရှိဆင်းရဲနွမ်းပါးပြည်သူတို့၏အချိုးကိုထက်ဝက်လျှော့ချရန်နှင့်ဆာလောင်မှုဒဏ်ခံနေရသူတို့၏အချိုးကို ထက်ဝက်လျှော့ချရန် |

| | |
|---|---|
| ရည်မှန်းချက် | မြန်မာကျေးလက်နေဆင်းရဲနွမ်းပါးသူတို့၏ဝင်ငွေနှင့်အာဟာရအခြေအနေကိုမြှင့်တင်ရန်အတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာရရှိမှု၊အကျိုးရှိအောင်သုံးစွဲမှု၊စားနပ်ရိက္ခာရရှိမှုတည်ငြိမ်ရေး စသည်တို့တွင် တိုးတက်အောင် ဦးတည်ပါဝင်ဆောင်ရွက်ရန် |

| | | | | |
|---|---|---|---|---|
| လက်ငင်းအကျိုးများ | (၁) ကျေးလက်နေအိမ်ထောင်စုများဝင်ငွေတိုးတက်ခြင်း | (၂) ဆင်းရဲသောကျေးလက်အိမ်ထောင်စုများ တုန်လှုပ်ချောက်ချားမှုများ၊ စိတ်ဖိစီးမှုများ၊ အကျိုးဖြစ် ထွန်းဖွယ်မရှိသော ဦးတည် အခြေအနေ များနှင့် ရင်ဆိုင်ရပါက နဂိုအနေအထားသို့ပြန်ရောက်နိုင်စွမ်းရှိခြင်း | (၃) အမျိုးသမီးများ၊ အမျိုးသား၊ ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း | (၄) ကျေးလက်ဖွံ့ဖြိုးရေးကိုဦးစားပေး သည့် မူဝါဒများနှင့်ဆင်းရဲသူများကိုထည့်သွင်းစဉ်းစားသည့်ကျေးလက်ပံ့ပိုးရေးအတွက်ပြည်သူ့ဘဏ္ဍာသုံးစွဲမှု တိုးတက်ခြင်း |


အကျိုးရလဒ်

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ၏ထုတ်လုပ်မှု တိုးတက်ကာ ရေရှည်တည်တံ့ခြင်း။ | (၂) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေ တိုးတက်လာ ခြင်း။ | (၃) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ နှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာနှင့်မဆိုင်သော အလုပ်အကိုင် တိုးတက်လာ ခြင်း။ | (၄) လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ နှင့် လယ်ယာမြေမဲ့များအားသက်သာသောငွေရေးကြေးရေး ဝန်ဆောင်မှုများကိုလက်လှမ်းမီလာခြင်း။ | (၅) အမျိုးသမီးများ၊အမျိုးသား၊ ကလေးများ၏ ပုံမှန်အစားအစာ တိုးတက်ကောင်းမွန်ခြင်း။ | (၆) လုပ်ကွက်ငယ်လယ်သမားများနှင့်လယ်ယာမြေမဲ့ များသည် သဘာဝသယံဇာတ များကို လက်လှမ်းမီရရှိရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးတို့အတွက် အာမခံချက်ရှိခြင်း။ | (၇) အသက်မွေးမှုနှင့်စားနပ်ရိက္ခာဖူလုံစေရေးတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ဒေသခံတို့၏စွမ်းဆောင်ရည်ကို အားဖြည့်အထောက်အကူပေး ခြင်း။ | (၈) လုပ်ကွက်ငယ်လယ်သမားနှ့်လယ်ယာမြေမဲ့များနှင့် ပတ်သက်သော မူဝါဒနှင့် သက်ဆိုင်သည့် အထောက်အထားများကို ပြုစုခြင်း။ |

## ပစ်မှတ်ထားသော အကျိုးခံစားခွင့်ရမည့်သူများ

၂၇။  LIFTသည်လယ်ယာမြေမဲ့များအပါအဝင်ဖြစ်သောကျေးလက်အိမ်ထောင်စုများကိုအဓိကအကျိုးပြုရန် ရည်စူးပါသည်။ လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များ အားလုံးကို တစ်မျိုးတစ်စားတည်းအဖြစ် အသိအမှတ်ပြုခြင်းသည်စီမံကိန်းရေးဆွဲရာတွင်အကျိုးမရှိသဖြင့်LIFT၏မဟာဗျူဟာတွင်ကျေးလက်နေအိမ်ထောင်စုများအဖြစ်အုပ်စုခွဲလိုက်ပါသည်။ယင်းတို့၏ကုန်ထုတ်နိုင်စွမ်းနှင့်ကုန်ထုတ်အရင်းအနှီးများမှာလည်းမတူညီကြပါ။ အောက်ပါတြိဂံတွင်ကျေးလက်နေအိမ်ထောင်စုများကျင့်သုံးကြသောကွဲပြားသောအသက်မွေးမှုမဟာဗျူဟာများကို ထောက်ပံ့မည့်LIFT၏ရည်မှန်းချက်များကိုဖော်ပြထားပါသည်။စိုက်ပျိုးရေးနှင့်အခြားကဏ္ဍများတွင်အံ့ဝင်ခွင်ကျဖြစ်သောအသက်မွေးမှုစံနစ်များအတွက်လုပ်သားရွှေ့ပြောင်းမှုသည်အဓိကကျကြောင်းဤပုံကပြသနေသည်။

**လယ်သမားများနှင့် လယ်မဲ့မြေမဲ့များ၏ ကွဲပြားသော အသက်မွေးမှု မဟာဗျူဟာများ**



၂၈။LIFTသည်ကျေးလက်နေဆင်းရဲနွမ်းပါးသူများ၏ဝင်ငွေနှင့်စားနပ်ရိက္ခာကိုတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ထားသည့်အလျောက်၊ အောက်ပါအုပ်စုများသို့ အရင်းအမြစ်များကို အဓိကထောက်ပံ့ပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့်-

(၁) လယ်မြေ၊လုပ်အားစသောစီးပွားဖြစ်နိုင်စွမ်းများကိုပိုင်ဆိုင်သည့်ကျေးလက်အိမ်ထောင်စုများကို **တက်လှမ်း**နိုင်အောင်ကူညီပါမည်။ လုပ်အားနှင့် ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့တင်ပို့နိုင်စွမ်းကိုပါမြှင့်တင်ပေးခြင်းဖြင့်၊ဆင်းရဲမွဲနွမ်းပါးမှုလွန်မြောက်ကာအဆင့်ဆင့်တက်လှမ်းသွားနိုင်ကြပါမည်။

(၂) ကျေးလက်အိမ်ထောင်စုများ၊အိမ်ထောင်စုဝင်များကိုစိုက်ပျိုးရေးကဏ္ဍမှ**ထွက်ခွာ**နိုင်အောင်ကူညီပါမည်။[၁၅]ဒေသအတွင်းရှိလယ်ယာလုပ်ငန်းမဟုတ်သောဝင်ငွေကောင်းသည့်အလုပ်ကိုင်များကိုရှာဖွေရန်ဒေသတွင်း**ထွက်ခွာ**ခြင်းလည်းဖြစ်နိုင်သည့်ပြင်အခြားဒေသများရှိအလုပ်အကိုင်အခွင့်အလမ်းများသို့ ရွှေ့ပြောင်း**ထွက်ခွာ**ခြင်းလည်း ဖြစ်နိုင်သည်။

(၃) စီးပွားဖြစ်နိုင်စွမ်းများကိုမပိုင်ဆိုင်သည့်သို့မဟုတ်ထွက်ခွာနိုင်စွမ်းမရှိသည့်အိမ်ထောင်စုများကိုလက်ရှိအနေအထားတွင်**တောင့်ထား**နိုင်ရန်ကူညီပါမည်။မြန်မာနိုင်ငံ၏စီးပွားရေးအသွင်ကူးပြောင်းသည့်ကာလတွင်စိုက်ပျိုးရေးကိုသက်စောင့်ပိုက်ကွန်အဖြစ်အသုံးပြုကာရိက္ခာဖူလုံစေရန်အာဟာရပြည့်ဝစေရန် ဖြစ်သည်။

၂၉။ အထက်ပါမဟာဗျူဟာများသည်တစ်ပြိုင်နက်မမှန်ကန်နိုင်ကြောင်း၊အိမ်ထောင်စုများ၊အိမ်ထောင်စုဝင်များကလည်းတစ်ပြိုင်တည်းတွင်သို့မဟုတ်တစ်ချိန်ချိန်တွင်တစ်ခုထက်ပို၍ကျင့်သုံးနိုင်ကြောင်းတို့ကိုLIFTမှအသိအမှတ်ပြုပါသည်။ဥပမာအားဖြင့်မိမိဒေသမှလယ်ယာမဟုတ်သောအခြားအလုပ်အကိုင်တစ်ခုခုသည်တစ်ခါတစ်ရံတွင် **တက်လှမ်း**ရန်အတွက် အရေးပါသော ငွေကြေးအရင်းအမြစ် ဖြစ်နိုင်သည်။

၃၀။ LIFTသည်လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များကိုမြန်မာ့ဈေးကွက်စီးပွားရေးတွင်ပါဝင်ဆောင်ရွက်နိုင်အောင်ကူညီပါမည်(တက်လှမ်း/ထွက်ခွာ)။မြန်မာနိုင်ငံသည်စိုက်ပျိုးရေးနှင့်ကုန်သွယ်ရေးကိုဖြေလျှော့ပေးနေသည်ဖြစ်၍ဤသည်မှာလည်းအရေးကြီးပါသည်။အသက်မွေးမှုနှင့်ဝင်ငွေဖန်တီးရေးကြိုးပမ်းချက်များစွာတို့သည်လိုအပ်သောရှေ့နောက်အချိတ်အဆက်များကို ဖန်တီးနိုင်စွမ်းမရှိကြပါ။ ယင်းတို့တွင် စိတ်ချရသောငွေကုန်ကျိုးနပ်သောသွင်းအားစုများ(တိုးချဲ့ဝန်ဆောင်မှုများ၊စက်မှုအသွင်ကူးပြောင်းခြင်း၊မျိုးစေ့များ၊မြေသြဇာများ၊ငွေကြေးဝန်ဆောင်မှုများ)နှင့်အသေးစားစိုက်ပျိုးထုတ်ကုန်များအတွက်စိတ်ချရသောဈေးကွက်များလည်းအပါအဝင်ဖြစ်သည်။လုပ်ကွက်အနည်းငယ်ပိုင်ဆိုင်သောလယ်သမားငယ်များစီးပွားဖြစ်ထုတ်လုပ်နိုင်အောင်၊တန်ဖိုးမြှင့်ထုတ်ကုန်ဖြင့်အကျိုးအမြတ်ရရှိအောင်၊ရေရှည်စီးပွားဖြစ်ထုတ်လုပ်နိုင်အောင်ကူညီနိုင်မည့်ဆောင်ရွက်မှုများကိုLIFTကထောက်ပံ့ပါမည်။သီးနှံ၊လူမှုရေးနှင့်ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊လုပ်ကွက်ငယ်လယ်သမားများ၏လိုအင်နှင့်စွမ်းဆောင်နိုင်မှု၊ဒေသခံကုန်သည်များနှင့်ကွန်ရက်များ၊ဒေသခံစိုက်ပျိုးရေးစနစ်များတို့ကိုမူတည်၍ဆောင်ရွက်

[၁၅] ဤနေရာတွင် မိသားစုလုပ်အားကိုသာ အသုံးပြုကြသည့် "ကိုယ်ထူကိုယ်ထ" လယ်ယာလုပ်ငန်းကိုဆိုလိုပါသည်။

မည့်ပုံစံများမှာကွဲပြားပါမည်။မိုဘိုင်းလ်ဖုန်းဖြန့်ကြက်မှုတိုးတက်လာသည်နှင့်အမျှသတင်းအချက်အလက်နည်းပညာကိုထိရောက်စွာအသုံးပြုနိုင်မည့်နည်းလမ်းများကိုLIFTကရှာဖွေမည်ဖြစ်သည်။

၃၁။ အောက်ပါဇယားတွင်ကိစ္စရပ်အသီးသီးတို့အတွက်ဆောင်ရွက်ရမည့်အရေးကြီးအချက်အလက်များကိုဖော်ပြထားပါသည်။

**ပါဝင်ဆောင်ရွက်မှုအကျဉ်းချုပ် (စာရင်း မပြည့်စုံပါ)**

| **ရည်မှန်းချက်** | |
|---|---|
| **တက်လှမ်း** | ထုတ်ကုန်တန်ဖိုးမြှင့်ရန်ကူညီခြင်း၊ဈေးကွက်ဖွံ့ဖြိုးမှုလယ်သမားအဖွဲ့အစည်းများကိုထောက်ပံ့ခြင်း၊ ကန်ထရိုက်လယ်ယာ၊သီးနှံမျိုးစုံထုတ်လုပ်ခြင်း၊ဝင်ငွေကောင်းသောသီးနှံထုတ်လုပ်ခြင်း၊ငွေကြေးဝန်ဆောင်မှုများ၊ငွေကြေးဆိုင်ရာလေ့ကျင့်ရေး၊ လယ်ယာလုပ်ငန်းခွင် လေ့ကျင့်ရေး၊ နည်းပညာအသစ်များ၊ စက်မှုလယ်ယာ။ |
| **ထွက်ခွာ** | စိုက်ပျိုးစားကုန်တန်ဖိုးမြှင့်လုပ်ငန်းများတွင်အလုပ်အကိုင်အခွင့်အလမ်းများ၊သက်သာသော ငွေကြေးဝန်ဆောင်မှုများ၊လူမှုရေးအကာအကွယ်များ(ငွေအလွှဲအပြောင်း/အထောက်အပံ့)၊ လုံခြုံစိတ်ချရသောရွှေ့ပြောင်းမှုနှင့်ကျန်းမာရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၊အာဟာရအထောက်အပံ့၊အသက်မွေးမှုပညာလေ့ကျင့်ရေး။ |
| **တောင့်ထား** | ရေရှည်ခံမည့်စိုက်ပျိုးကုန်ထုတ်လုပ်ငန်းနှင့်တိုးချဲ့နည်းပညာထောက်ပံ့ရန်သင့်လျော်သောနည်းပညာအစုများ၊(ICTနည်းပညာအပါအဝင်)၊လယ်ယာလုပ်ငန်းခွင်နှင့်လယ်ယာမဟုတ်သောလုပ်ငန်းခွင်အမျိုးမျိုး၊ယင်းအတွက်သက်သာသောချေးငွေနှင့်သင့်လျော်သောငွေကြေးဂန်ဆောင်မှု၊လူမှုရေးအကာအကွယ် (ငွေအလွှဲ အပြောင်း)၊ အစိုးရအထောက်အပံ့၊ အာဟာရအထောက်အပံ့၊ |

၃၂။ အခြေခံအဆောက်အအုံနှင့်ဈေးကွက်ဖွံ့ဖြိုးမှုမူဝါဒအပြောင်းအလဲတို့အားဖြင့်အသက်မွေးမှုအသစ်များ ဖန်တီးလာသည်နှင့်အမျှကျေးလက်စီးပွားရေးသည်လည်းလှုပ်ရှားသက်ဝင်လာမည်ဖြစ်၏။ထိုသို့ပေါ်ထွက်လာသောအခွင့်အလမ်းအဆင့်ဆင့်တို့တွင် ဆင်းရဲနွမ်းပါးသူများဝင်ဆံ့နိုင်အောင် LIFTက အားဖြည့်သွားမည်ဖြစ်သည်။ ဒေသန္တရစိုက်ပျိုးစီးပွားအခြေအနေနှင့်အသက်မွေးမှုအခွင့်အလမ်းတို့ကိုအခြေခံကာစီမံချက်အဆင့်တွင်အမျိုးအစားများကိုထပ်မံခွဲခြားသတ်မှတ်ပါမည်။

၃၃။ LIFTသည် အမျိုးသမီးများနှင့် ကလေးများကို တိုက်ရိုက်အကျိုး ပြုသောပါဝင်ဆောင်ရွက်မှုမျိုးကိုဦးစားပေးပါမည်။

**လွှမ်းခြုံမှု**

၃၄။ မြန်မာနိုင်ငံသည်အမျိုးမျိုးကွဲပြားခြားနားသောပထဝီအနေအထား၊လူမှုစီးပွါးအခြေအနေများရှိပါသည်။ ထို့ကြောင့်LIFTသည်ဒေသအလိုက်အခြေအနေကိုစီမံချက်ရေးဆွဲရာတွင်ထည့်သွင်းပါမည်။LIFTကလုပ်ဆောင်မည့်နယ်ပယ်ကို အောက်ပါတို့က အဆုံးအဖြတ်ပြုကြပါမည်-

- လက်ရှိတွင် စားနပ်ရိက္ခာနှင့်ဝင်ငွေအနည်းဆုံးအချို့တဲ့ဆုံးနေရာ၊
- ရာသီဥတုအပြောင်းအလဲနှင့်လူများရွှေ့ပြောင်းမှုကြောင့်နောင်ငါးနှစ်အတွင်းစားနပ်ရိက္ခာနှင့်ဝင်ငွေပို၍နည်းပါးချို့တဲ့လာမည့်နေရာ၊
- အတွေ့အကြုံနှင့်အကောင်အထည်ဖော်နိုင်စွမ်းရှိသောနိုင်ငံတကာနှင့်ဒေသခံလုပ်ဖော်ကိုင်ဖက်တို့ရှိသည့်နေရာ၊
- လုပ်ဖော်ကိုင်ဖက်နှစ်ဦးနှင့်အထက်ကိုချိတ်ဆက်နိုင်မည့်နေရာ၊ထိုသို့ဖြင့်စီမံချက်၏ပမာဏနှင့်ထိရောက်မှုကိုရရှိပြီး အကဲဖြတ်သင်ခန်းစာဖော်ထုတ်မည့်နေရာ၊
- အရင်းအနှီးများဝင်ရောက်သောသို့မဟုတ်အစိုးရနှင့်အခြားလုပ်ဖော်ကိုင်ဖက်တို့၏အစီအမံများကိုအားဖြည့်ပေးသောနေရာ၊
- ငြိမ်းချမ်းမှုရှိလာသဖြင့် LIFTကလုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိလာသောနေရာ

၃၅။ လောလောဆယ်တွင်LIFTသည်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊အပူပိုင်းဒေသ၊ချင်း၊ကချင်၊ရှမ်း၊ရခိုင်ပြည်နယ်တို့ရှိကျေးလက်ဒေသများတွင်လုပ်ငန်းဆောင်ရွက်နေပါသည်။ LIFTသည် နေရာသစ်များတွင် အနည်း ဆုံး သုံးနှစ်လုပ်ငန်းဆောင်ရွက်ပါမည်။အကြောင်းမှာလုပ်ဖော်ကိုင်ဖက်များကိုတည်ထောင်နိုင်ရန် ဖြစ်ပါသည်။

## ပဋိပက္ခများမှထမြောက်လာသောနယ်မြေများ

၃၆။ LIFTကလက်ရှိဆောင်ရွက်နေသောနယ်မြေများတွင်ကချင်နှင့်ရှမ်းမြောက်ဒေသတို့မှမြို့နယ်များပါဝင်နေသော်လည်း၊LIFTသည်ပဋိပက္ခသက်ရောက်နေသောနယ်မြေများတွင်စီမံချက်များကိုရန်ပုံငွေထောက်ပံ့ရန်တမင်ရှာဖွေခြင်းမရှိပါ။[၁၆]ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်လာသည်နှင့်အမျှထိုဒေသတို့တွင်လုပ်ငန်းဆောင်ရွက်ရန်အခွင့်အလမ်းများပို၍တိုးလာမည်ဖြစ်ရာLIFTကလည်းပေါ်လာသောအခွင့်အလမ်းကိုရယူရန်ပိုင်းဖြတ်ထားပါသည်။ ပဋိပက္ခသက်ရောက်နေသောနယ်မြေများတွင်လုပ်ငန်းဆောင်ရွက်ရန်စီမံပြင်ဆင်သောအခါပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊သက်ဆိုင်ရာဒေသ၏အခြေအနေများကိုထည့်သွင်းစဉ်းစားသောပဋိပက္ခများကိုဂရုပြုသောချဉ်းကပ်မှုကိုကိုင်စွဲကာ အသက်မွေးမှုနှင့်စားနပ်ရိက္ခာဖူလုံမှုကို ပိုကောင်းအောင် ဆောင်ရွက်လိုပါသည်။

## စီမံချက်ရေးဆွဲခြင်းနှင့်လုပ်ဖော်ကိုင်ဖက်ဆိုင်ရာ ချဉ်းကပ်နည်းများ

၃၇။ LIFTသည်အခြေအနေကိုသာမူတည်မည်ဖြစ်သည်၊စီမံချက်များရေးဆွဲရာတွင်လိုအပ်သောသတင်းအချက်အလက်များမှာဒေသခံတို့ကလိုအပ်နေကြောင်းအထောက်အထား၊လယ်ယာလုပ်ငန်း စနစ်ကိုသုံးသပ်ချက်၊ ဆင်းရဲနွမ်းပါးမှုနှင့်လုပ်ပိုင်ခွင့်အခြေအနေ၊ကောင်းမွန်သောလုပ်ငန်းဆောင်ရွက်မှုအလေ့အကျင့်တို့ဖြစ်သည်။ရလဒ်ကိုသာမူတည်၍ရန်ပုံငွေထောက်ပံ့ရန်ဆုံးဖြတ်သည်။LIFTသည်လုပ်ဖော်ကိုင်ဖက်များနှင့်လုပ်ဆောင်ရာတွင်စီမံချက်၏

[၁၆] ပဋိပက္ခများမှ ထမြောက်လာသောနယ်မြေများထဲတွင် အပစ်အခတ်ရပ်စဲရေး အတွက်ဆွေးနွေးနေသော နယ်မြေများ၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးသော နယ်မြေများအပါအဝင်ဖြစ်သည်။

မဟာဗျူဟာများနှင့်လုပ်ဖော်ကိုင်ဖက်တို့၏ဆန္ဒများကိုအကောင်အထည်ဖော်ရန်အခြေအနေကိုဖန်တီးလျက်လုပ်ဆောင်မည်။

၃၈။ စီမံချက်အသစ်များကိုရေးဆွဲရာတွင်LIFTသည်ပြောင်းလွယ်ပြင်လွယ်ရှိသောရလဒ်ဆိုင်ရာမူဘောင်ကိုအလေးပေးမည်ဖြစ်သည်။လုပ်ဆောင်ချက်များနှင့်ရလဒ်များသာပါဝင်သောအသေးစိတ်စီမံချက်မဟုတ်ပေ။ ဤအစီအစဉ်များကိုဆောင်ရွက်နေသည့်အခြေအနေမှန်ကိုသိနိုင်ရန်အတွက်ရလဒ်များကိုတင်းတင်းကျပ်ကျပ်စောင့်ကြည့်အကဲဖြတ်၍ အချက်အလက်များကိုထုတ်ပေးသောစနစ်များ လိုအပ်သည်။

၃၉။ LIFTသည် စီမံချက်ရေးဆွဲရာ၊ အကောင်အထည်ဖော်ရာတွင် အစိုးရနှင့်နီးကပ်စွာ ဆောင်ရွက်မည်ဖြစ်သည်။ စီမံချက်နယ်မြေမှ ဒေသန္တရအဆင့်အစိုးရဝန်ထမ်းများကို သင်ယူခွင့်များရရှိစေမည်ဖြစ်သည်။ ထို့ပြင် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်ကိုတည်ဆောက်ရန်နည်းပညာနှင့်အခြားအထောက်အကူများကိုလည်းထောက်ပံ့ပေးမည်ဖြစ်ပါသည်။LIFTသည်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လုပ်ကွက်ငယ်လယ်သမားများကိုအခြေပြုသောစိုက်ပျိုးရေးတိုးတက်မှုနှင့်ပတ်သက်လာလျှင်အစိုးရနှင့်ပွင့်ပွင့်လင်းလင်းဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပြီး၊တူညီသောလိုအင်များကိုရည်မှန်းကြပြီး၊တူညီသောချဉ်းကပ်မှုဖြင့်ဆောင်ရွက်နေသောအစိုးရ၏မူဝါဒများ၊စီမံချက်များနှင့်တစ်ပြေးညီဆောင်ရွက်သွားမည် ဖြစ်သည်။

၄၀။ LIFTသည်လုပ်ဖော်ကိုင်ဖက်များနှင့်အတူလုပ်ကိုင်ပြီးထောက်ပံ့သွားမည်ဖြစ်သည်။LIFT၏လုပ်ဖော်ကိုင်ဖက်များမှာINGOများ၊LNGOများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာအဖွဲ့အစည်းများ(CGIAR,IFIS)၊သုတေသနဌာနများ၊ မြန်မာနိုင်ငံအစိုးရတို့ ဖြစ်ကြသည်။

၄၁။ အရပ်ဘက်အဖွဲ့အစည်းများကို အားဖြည့်ပေးခြင်းသည် LIFT၏မဟာဗျူဟာတွင် အဓိကကျသည်၊ လူမှုရေးဆောင်ရွက်သူများ၊ လှုပ်ရှားမှုများသည် မြန်မာနိုင်ငံရှိဆင်းရဲနွမ်းပါးသောလူထုတို့ ရိက္ခာဖူလုံရေးနှင့် အသက်မွေးမှုရရှိရေးတွင် အခရာကျသည်။ LIFTသည် အရပ်ဘက်အဖွဲ့စည်းများကို အားဖြည့်ပေးရန်အတွက် ရန်ပုံငွေခွဲဝေပေးမည် ဖြစ်သည်။ အကြောင်းမှာ ယင်းတို့သည် LIFT၏ စီမံချက်အများအပြားကို အကောင်အထည်ဖော်နေသောကြောင့်လည်းဖြစ်သကဲ့သို့ ကျေးလက်ဆင်းရဲနွမ်ပါးမှုလျော့ချရေးနှင့် မျှတသောစီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် နိုင်ငံရေးနှင့်စီးပွားရေးအခြေအနေကို အားပေးသည့်အခန်းကဏ္ဍတွင် အဓိကပါဝင်နေသောကြောင့်လည်းဖြစ်သည်။

၄၂။ LIFTသည် လုပ်ကွက်အနည်းငယ်သာပိုင်ဆိုင်ထားသော လယ်သမားတို့၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့်အာဟာရတိုးတက်ရေးတို့တွင်အလေးထားပုံချင်းတူညီသောပုဂ္ဂလိကကုမ္ပဏီများနှင့်လည်းအလုပ်အတူလုပ်ပါမည်။ သို့သော် ယင်းကုမ္ပဏီ တို့ကိုကား တိုက်ရိုက် ငွေကြေးထောက်ပံ့မည်မဟုတ်ပါ။ LIFTနှင့် ပူးပေါင်းဆောင်ရွက်သောပုဂ္ဂလိကကုမ္ပဏီများသည်လုပ်ကွက်ငယ်လယ်သမားများ၏အကျိုးကိုအာမခံရမည်ဖြစ်ပြီးငွေကြေးကုန်ကျရကျိုးလည်းနပ်ရမည် ဖြစ်သည်။

**ငွေကြေးထောက်ပံ့မှု လုပ်ထုံးလုပ်နည်း**

၄၃။ LIFTသည်ယင်း၏လုပ်ဖော်ကိုင်ဖက်များကို ပွင့်လင်းမြင်သာစွာနှိုင်းယှဉ်ကာရွေးချယ်မည်ဖြစ်သည်။ LIFT၏ရန်ပုံငွေထောက်ပံ့မှု စံနှုန်းများ၊ စီမံချက်မူများကို သက်ဆိုင်ရာအဆိုပြုလွှာများ၊ ရန်ပုံငွေထောက်ပံ့မှု စံနှုန်းများနှင့်

ကိုက်ညီအောင် ရေးဆွဲဆောင်ရွက်ပါမည်။ ရန်ပုံငွေထောက်ပံ့မည့် လုပ်ဖော်ကိုင်ဖက်ကို ရွေးချယ်ခြင်းကို LIFTရန်ပုံငွေဘုတ်အဖွဲ့က တာဝန်ခံပါသည်။

**သင်ယူမှု၏အခန်းကဏ္ဍ**

၄၄။ စောင့်ကြည့်အကဲဖြတ်မှုများ၊ စစ်တမ်းများ၊ လေ့လာချက်များမှ စုဆောင်းရရှိသော အတွေ့အကြုံများသည် LIFT၏ ပန်းတိုင်တွင်ဖော်ပြထားသော သုတစင်မြင့်တစ်ရပ်၏ အခြေခံပင်ဖြစ်သည်။ ယင်းကို မိမိ၏စီမံချက်များ၏ လမ်းညွှန်အဖြစ်သုံးရန်၊ ဤကဏ္ဍတွင်းရှိ အခြားအလှူရှင်များက စီမံချက်ရေးဆွဲရာတွင် အခြေခံရမည့် ခိုင်လုံသော အချက်အလက်များအဖြစ် အသုံးပြုရန်၊ အစိုးရက မူဝါဒရေးဆွဲရာတွင် သတင်းအချက်အလက်များ ပေးပို့ရန်တို့ အတွက်LIFT၏သင်ယူရရှိထားမှုများကိုအသုံးပြုနိုင်ရန်၊ဖြန့်ဝေရန်အတွက်ပို၍စနစ်ကျစွာခက်ခဲစွာတည်ဆောက်ရန် လိုနေသေးသည်။ထို့ပြင်စီမံချက်များကိုသတင်းပေးရန်၊မူဝါဒဆိုင်ရာဆွေးနွေးရန်အတွက်နယ်မြေများမှအတွေ့အကြုံ များနှင့် အထောက်အထားများ ထပ်မံလိုအပ်နေပေသေးသည်။

၄၅။ LIFTသည်တီထွင်ဆန်းသစ်မှုနှင့်သင်ယူမှုကိုစီမံချက်အကောင်အထည်ဖော်ခြင်းမှမူဝါဒရေးရာဆွေးနွေးခြင်း အထိလုပ်ငန်းတိုင်းတွင်ကိုင်စွဲထားမည်ဖြစ်သည်။LIFT၏အမြင်တွင်တီထွင်မှုနှင့်သင်ယူမှုတို့ကိုဂရုပြုထည့်သွင်း ထားရသည်မှာသုတ၊ကျွမ်းကျင်မှု၊အဖွဲ့အစည်းများ၊မူဝါဒများသည်စိုက်ပျိုးရေးအသွင်ပြောင်းလဲမှု၊စားနပ်ရိက္ခာဖူလုံမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုတို့အတွက်မရှိမဖြစ်လိုအပ်သောကြောင့် ဖြစ်သည်။

**စနစ်တစ်ခုလုံး၏ အာရုံစူးစိုက်မှု**

၄၆။ LIFTသည်စုဆောင်းထားသောစီမံချက်ဆိုင်ရာသုတများအထောက်အထားများကိုကျေးလက်နေဆင်းရဲ နွမ်းပါးသူတို့၏အကျိုးအတွက်အဓိကမူဝါဒများပြောင်းလဲလာအောင်ဩဇာသက်ရောက်စေရန်၊တိုးတက်မှုကို ဟန့်ထား နေသောမူဝါဒများကိုဖယ်ရှားရန်တို့အတွက် အသုံးပြုမည်။ LIFTသည် လုပ်ကွက်ငယ်လယ်သမားများနှင့် လယ်မဲ့မြေမဲ့များက သယံဇာတများသို့ ပိုမိုလက်လှမ်းမီရရှိစေမည့်၊ ယင်းတို့၏အသက်မွေးမှုနည်းလမ်း ပိုမိုများပြား လာစေမည့်၊အသက်မွေးမှုနည်းလမ်းများပိုမိုကောင်းမွန်လာစေမည့်၊ယင်းတို့၏အာဟာရပြည့်ဝမှုအခြေအနေပိုမို ကောင်းမွန်လာစေမည့်၊စီးပွားရေးတိုးတက်မှုတွင်ယင်းတို့ပါဝင်ခွင့်ကိုပိုမိုဖွင့်ပေးမည့်မူဝါဒများကိုသာအာရုံစိုက်မည် ဖြစ်သည်။

၄၇။ စနစ်တစ်ခုလုံးပြောင်းလဲမှုဆိုရာတွင်ပိုကောင်းသောကဏ္ဍဆိုင်ရာမူဝါဒများ၊ပိုမိုထိရောက်သောကဏ္ဍအဖွဲ့ အစည်းများ၊ ပိုကောင်းသောကဏ္ဍအလိုက် စီမံမှုရင်းနှီးမြှုပ်နှံမှုများ၊ ပို၍ထိရောက်သော စိုက်ပျိုးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မှုများ ပါဝင်သည်။ ကာလလတ်တွင် မြန်မာနိုင်ငံ၌ ဆင်းရဲသားများ အတွက်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်နိုင်ငံ့ဘဏ္ဍာကိုအသုံးပြုကာလူထုကရင်းနှီးမြှုပ်နှံလာနိုင်သည်။ LIFT၏ သက်တမ်းအတွင်း အစိုးရက ထိုသို့ဆောင်ရွက်လာရန် ဤရန်ပုံငွေအဖွဲ့က လိုလားပါသည်။

၄၈။ LIFTသည်ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု၊အားလုံးပါဝင်သောတန်းဖိုးမြှင့်ထုတ်ကုန်/ဈေးကွက်စနစ်များဖွံ့ဖြိုးမှု၊လူမှုဘဝလုံခြုံမှုအကာအကွယ်ပေးရေး၊[၁၇]အာဟာရပြည့်ဝမှု၊လယ်လုပ်ပိုင်ခွင့်အာမခံမှု၊ရာသီဥတုအပြောင်းအလဲနှင့်လိုက်လျောစွာနေထိုင်နိုင်မှု၊ရုန်းပြန်နိုင်စွမ်းရှိမှုတို့ကိုအာရုံစိုက်မည်ဖြစ်ပါသည်။ကျားမရေးရာမှာမည်သည့်ဆောင်ရွက်မှုတွင်မဆိုဘုံအဖြစ်ပါဝင်နေသောအကြောင်းအရာဖြစ်ပါသည်။ထို့ပြင်လုပ်ငန်းဆောင်ရွက်မှုကို အကဲဖြတ်ရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များသို့ သက်ရောက်မှုရှိမရှိဖြင့် တိုင်းတာမည် ဖြစ်သည်။

၄၉။ စနစ်တစ်ခုလုံးကို ပြောင်းလဲရာတွင် အကျိုးသက်ရောက်မှုရှိစေရန် LIFTသည် မဟာဗျူဟာ အများအပြားကို အသုံးပြုပါမည်။ ယင်းတွင် ဩဇာတိက္ကမရှိသော လုပ်ဖော်ကိုင်ဖက်များကို ကန်ထရိုက်ချပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကိုအားပေးခြင်း၊မူဝါဒရေးရာတွင်ရန်ပုံငွေမန်နေဂျာနှင့်အလှူရှင်တို့မှတစ်ဆင့်ဝင်ရောက်ပြောဆိုဆွေးနွေးခြင်း၊သက်ဆိုင်ရာကဏ္ဍတွင်လုပ်ကိုင်နေသောအုပ်စုများ၊သက်ဆိုင်သောညှိနှိုင်းမှုနီးနှောဖလှယ်ပွဲများကိုထောက်ပံ့ခြင်းတို့လည်းပါဝင်မည်ဖြစ်သည်။

*မှတ်ချက်။ ဤမဟာဗျူဟာကိုကျင့်သုံးရန် လမ်းညွှန်စာစောင်ကို သီးခြားပြုစုထုတ်ဝေမည်ဖြစ်သည်။*

[၁၇] ဤနေရာတွင် လူမှုရေးအကာအကွယ်ဆိုသည်မှာ ရိက္ခာဖူလုံမှု၊ အသက်မွေးမှုနည်းလမ်းများပြားမှု၊ ရုန်းပြန်နိုင်စွမ်းရှိမှုတို့ တိုးတက်စေရန် ရည်မှန်းဦးတည်သော မူဝါဒများ လုပ်ဆောင်မှုများကိုဆိုလိုသည်။ လုပ်ဆောင်မှုများမှာ-ငွေကြေးနှင့် အခြားပိုင်ဆိုင်ခွင့်များကို လွှဲပြောင်းပေးရန် အာရုံစူးစိုက်မည်ဖြစ်သည်။